# ကလေးဘဝ၏ ပထမအပတ်တွင်

## မိဘများအတွက် လမ်းညွှန်

the women's
the royal women's hospital

### သင့်မွေးကင်းစကလေး နေကောင်းပါရဲ့လား။

**ကျန်းမာသော မွေးကင်းစကလေး၌**

- နှုတ်ခမ်းများနှင့် လျှာတို့မှာ ပန်းရောင်ဖြစ်သည်
- ချိုင်းအောက်ရှိ အပူချိန်သည် သင်နှင့် အလားတူ 36.8 နှင့် 37.3 ဒီဂရီ စင်တီဂရိတ် အကြားရှိသည်
- ပုံမှန် ဆီးသွား (ရှုးရှုးပေါက်) ၍ ဝမ်းသွား (အီးအီးပါ) သည်
- 24 နာရီအတွင်း 8 ကြိမ်မှ 12 ကြိမ် မကြာခဏ အစာစားသည်
- နိုးနေစဉ် တိတ်တဆိတ် နိုးနိုးကြားကြားရှိပြီး အသံများနှင့် မြည်သံများအပေါ် တုံ့ပြန်သည်
- တစ်ခဏ ဆိုင်းငံ့ခြင်းများဖြင့်  သင့်ထက် အနည်းငယ် ပိုမြန်ဆန်စွာ အသက်ရှူသည်
- သူတို့ ရှုန်းကန်နေရပြီး အကူအညီ လိုအပ်သည့်အခါတွင် အသားအရောင် ပြောင်းလဲခြင်း၊ ငိုယိုနေခြင်း၊ တွန့်လိမ်နေခြင်း သို့မဟုတ် တုန်ယင်နေခြင်းတို့ကဲ့သို့သော လက္ခဏာများကို ဖော်ပြသည်။

### သင့်မွေးကင်းစကလေး ဖျားနာနေပါသလား။

အကယ်၍ သင့်မွေးကင်းစကလေးသည်၊

- အသက်ရှူ ရပ်သွားလျှင် သို့မဟုတ် ပြာနှမ်းသွားလျှင်
- မျက်စိများ၊ ပါးစပ်၊ လက်မောင်းများ သို့မဟုတ် ခြေထောက်များ ဆန့်တငင်ငင် သို့မဟုတ် ဆတ်ခနဲတုံ့ခနဲ လုပ်ရှား၍ လေသင်တုန်းဖြတ်ခဲ့လျှင်
- မနိုးနိုင်လျှင်
- ကျယ်လောင်သော အသံများ၊ သူ၏မျက်လုံးများအပေါ် တောက်ပသော အလင်းရောင်  သို့မဟုတ် သူ့လက်မောင်းကို  ညင်သာစွာဆိတ်ခြင်းကို သတိမထားမိလျှင်

### အရေးယူဆောင်ရွက်မှု

**ဆေးရုံတွင်ဆိုလျှင်**

သင့် သားဖွားဆရာမ သို့မဟုတ် ဆရာဝန်အား **ချက်ခြင်း** ပြောပြပါ သို့မဟုတ် အကူအညီတောင်းခလုတ်ကို နှိပ်ပါ

**အိမ်တွင်ဆိုလျှင်**

**000** ကို ဖုန်းဆက်ပါ

### ဘဝ၏ ပထမပတ်အတွင်း

အကယ်၍ သင့်မွေးကင်းစကလေးသည်၊

- မွေးဖွားပြီးနောက် ပထမ 24 နာရီအတွင်း အသားရောင်မှာ ဝါနေလျှင်
- ပထမ 24 နာရီကြာပြီးနောက် 6 နာရီထက်ပိုကြာပြီးနောက် အစာမစားပဲနေနေလျှင်
- ပထမ 24 နာရီကြာပြီးနောက် အနည်းဆုံး အနှီးအစို တစ်ခုနှင့် အနှီးအညစ် တစ်ခု မလဲရသေးလျှင်
- မျက်စိ၊ ပါးစပ်၊ လက်မောင်း သို့မဟုတ် ခြေထောက်သည် ဆန့်တငင်ငင် သို့မဟုတ် ဆတ်ခနဲတုံ့ခနဲ လှုပ်ရှားနေလျှင်
- ခန္ဓာကိုယ်၊ ဦးခေါင်း၊ လည်ပင်း၊ လက်မောင်းများနှင့် ခြေထောက်များမှာ ထော့နဲ့ သို့မဟုတ် ပျော့ခွေနေပုံဖြစ်လျှင်
- အလွန်မြန်ဆန်စွာ အသက်ရှူနေပြီး တအီအီ မြည်နေသောအစ်သံများ ထွက်နေလျှင်
- အားပျော့စွာ၊ အသံဆူးရှစွာ၊ ညည်းညူစွာ သို့မဟုတ် နာကျင်စွာ ငိုခြင်းတို့ကဲ့သို့ မူမမှန် ငိုသံကိုကြားရလျှင်
- သူ၏ မစင်တွင် သွေးရှိလျှင်
- အရေပြားမှာ အလွန်ဖြူဖျော့နေလျှင် သို့မဟုတ် အဝါရောင်သို့ ပြောင်းနေလျှင်
- အသက်ရှူသည့်အခါတွင် သူ၏ ဝမ်းခေါင်း (ဗိုက်) သို့မဟုတ် ရင်ဘတ်အောက်ပိုင်းမှာ ရှိုက်ဝင်သွားနေလျှင်
- အလွန်အော့အန်နေလျှင် (ဝါ) နောက်ဆုံး 3 ကြိမ်တွင် အစာစားပြီးတိုင်း အစာတစ်ဝက်ကျော်ကျော် အန်နေလျှင်
- အန်ဖတ်မှာ မကြည်လင်၊ နို့ရည်ရောင် သို့မဟုတ် အဝါဖျော့ရောင်ဖြစ်နေလျှင်

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကြည်လင် | နို့ရည် | အဝါဖျော့ | မုန်ညင်း | အစိမ်း | အစိမ်း | အစိမ်း | အစိမ်း | သွေး |

သို့မဟုတ်

- တစ်စုံတစ်ရာ မှားနေပြီဟု သင်ထင်မှတ်လျှင်

### အရေးယူဆောင်ရွက်မှု

**ဆေးရုံတွင်ဆိုလျှင်**

သင့် သားဖွားဆရာမ သို့မဟုတ် ဆရာဝန်အား ပြောပြပါ

**အိမ်တွင်ဆိုလျှင်**

- မိခင်နှင့် ကလေး ကျန်မာရေးဆိုင်ရာ 24 နာရီလုံး ဖုန်းလိုင်း။ ဖုန်း 13 22 29
- 24 နာရီလုံး သူနာပြု အကူအညီ Nurse-on-Call
  ဖုန်း 1300 60 60 24
- သင့် အထွေထွေကုဆရာဝန် (GP) ထံသွားပါ
- ဆေးရုံ အရေးပေါ်ဌာနကို သွားပါ
- အရေးပေါ် ဖြစ်ပါက **000** ကို ဖုန်းဆက်ပါ

**ကျေးဇူးပြု၍ သတိပြုရန်: ဖန်သားပြင်ပေါ်တွင် ကြည့်ရှုပြီး/သို့မဟုတ် ဒေါင်းလုဒ်လုပ်ပြီး ပုံနှိပ်သည့်အခါတွင်၊ သင့်စက်၏ အပြင်အဆင်များပေါ် မူတည်၍ ဇယားပါ အရောင်များ ကွဲပြားနိုင်သည်။**

Reference: Morley CJ, Thornton AJ, Cole TJ, Hewson PH, Fowler MA. Baby Check: a scoring system to grade the severity of acute systemic illness in babies under 6 months old. Arch Dis Child. 1991 Jan;66(1):100-5. doi: 10.1136/adc.66.1.100.